## Feast of the Exaltation of the Holy Cross (September 14, 2014)

### 1st READING: *NM 21:4b-9*

**တောလည်ရာကျမ်း ၂၁း၄–၉**

ဟောရတောင်မှထွက်၍ ဧဒုံပြည်ကို ဝိုင်းခြင်းငှါ၊ ဧဒုံပင်လယ်လမ်းဖြင့် ချီသွားကြစဉ်၊ အသွားခက်သောကြောင့်၊ လူများတို့သည်စိတ်အားလျော့ကြ၍၊ သင်သည်ငါတို့ကိုဤတော၌သေစေခြင်းငှါ၊အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သော စားစရာကိုလည်း ငါတို့သည် အလွန် ရွံရှာ၏ဟု ဘုရားသခင်နှင့်မောရှေကိုဆန့်ကျင်ဘက်ပြု၍ဆိုကြ၏။ ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလအမျိုးသားတို့ တွင်မီးမြွေများကိုစေလွှတ်တော်မူ၍၊လူအများတို့သည်အကိုက်ခံရသဖြင့်သေကြ၏။ ထိုကြောင့် လူများတို့သည် မောရှေထံသို့လာ၍ ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ကိုယ်တော်ကို ဆန့်ကျင်လျက် ပြောဆို၍ ပြစ်မှားပါပြီ။ ထာဝရဘုရားသည်မြွေများကိုအကျွန်ုပ်တို့လက်မှပယ်ရှားတော်မူမည်အကြောင်းဆုတောင်းပါဟု လျှောက်လျှင်၊ မောရှေသည်လူများအတွက်ဆုတောင်းလေ၏။ထာဝရဘုရားကလည်း၊မီးမြွေရုပ်ကိုလုပ်၍တိုင်ပေါ်မှာမြှောက်ထား လော့။အကိုက်ခံရသောသူတိုင်းကြည့်ရှုလျှင်အသက်ချမ်းသာရလိမ့်မည်ဟုမောရှေအားမိန့်တော်မူသည်အတိုင်း မောရှေသည်ကြေးဝါဖြင့်မြွေကိုလုပ်၍တိုင်ပေါ်မှာမြှောက်ထားပြီးလျှင်မြွေကိုင်သောသူမည်သည်ကားကြေးဝါမြွေ ကို ကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  78:1BC-2, 34-35, 36-37, 38

ဆာလံကျမ်း    ၇၈

**သံပြိုင်။**  ။ကိုယ် တော်၏ အမှုတော်တို့ကို မမေ့မလျော့ကြနှင့်  ။

R. **Do not forget the works of the Lord!**

၁။  အိုငါ၏လူမျိုးငါ၏သွန်သင်ချက်ကိုနားထောင်ကြလော့။ ငါ၏နှုတ်မှမြွက်ဆိုသောစကားတို့ကို အာရုံစိုက်ကြလော့။ငါသည်နှုတ်ကိုဖွင့်၍ပုံဥပမာစကားဖြင့်မြွက်ဆိုမည်။ ရှေးကာလမှ နက်နဲသော စကားများကို ငါဖွင့်ဟပြောဆိုမည်။ **သံပြိုင်။**

Hearken, my people, to my teaching; incline your ears to the words of my mouth. I will open my mouth in a parable, I will utter mysteries from of old.

၂။ ကိုယ်တော်သည်သူတို့ကိုကွပ်မျက်တော်မူသောအခါ သူတို့သည် ကိုယ်တော်ကို ရှာကြ၏။ သူတို့သည် နောင်တတရားရကြပြီးနောက်ကိုယ်တော်ကိုစိတ်အားထက်သန်စွာရှာဖွေကြ၏။ ထိုအခါဘုရားသခင် သည် သူတို့၏ခိုလှုံရာကျောက်ဆောင်၊သူတို့၏ကယ်တင်ရှင်၊ အမြင့်ဆုံးသောဘုရားဖြစ်တော်မူကြောင်းကိုသတိရကြ၏။ **သံပြိုင်။**

While he slew them they sought him and inquired after God again, remembering that God was their rock and the Most High God, their redeemer.

၃။  သို့သော်သူတို့သည်နှုတ်အားဖြင့်မြှောက်ပင့်ပြောဆိုကြပြီး၊  လျှာအားဖြင့်မူကိုယ်တော်ကို  လိမ်လည်ကြ၏။ သူတို့၏စိတ်နှလုံးသည် ကိုယ်တော့်ရှေ့တော်၌တည်ကြည်မြဲမြံမှုမရှိ၊ကိုယ်တော်နှင့်ပြုသောပဋိညာဉ်တော်ကိုလည်း သစ္စာမရှိကြ။ **သံပြိုင်။**

But they flattered him with their mouths and lied to him with their tongues, though their hearts were not steadfast toward him, nor were they faithful to his covenant.

၄။ ကိုယ်တော်မူကား ကရုဏာ မေတ္တာစိတ်နှင့် ပြည့်ဝ သောပုဂ္ဂိုလ်မြတ်ဖြစ်၍ သူတို့၏ မိုက်မှားမှုများကို အခွင့်လွှတ်ပြီး သူတို့ကို ဖျက်ဆီးတော်မမူခဲ့ပေ။ ကိုယ်တော်သည်ဒေါသကိုမကြာခဏချုပ်တည်းတော်မူ၍ အမျက်တော်လည်း ထွက်တော်မမူခဲ့ချေ။ **သံပြိုင်။**

But he, being merciful, forgave their sin and destroyed them not; often he turned back his anger and let none of his wrath be roused.

**2nd READING: PHIL 2:6-11**
ဖိလိပိသြဝါဒစာ **၂း ၆–၁၁**

ထိုသခင်သည် ဘုရားသခင်၏အဖြစ် တော်၌ ပြည့်စုံတော်မူသော်လည်း ဘုရားသခင်နှင့် ဂုဏ်ရည်တူရန် ကြိုးစားသင့်သည်ဟုထင်မှတ်တော် မမူ။ မိမိ၏ဘုရားဘုန်းဂုဏ်တော်ကို စွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ဆောင်တော်မူလျှက်လူအဖြစ်၌မွေးဖွားခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျှက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်တွင်အသေခံခြင်းတိုင်အောင်အစေခံ၍မိမိကိုယ်ကို နှိမ့်ချတော်မူ၏။ ဤအကြောင်းကြောင့် ဘုရားသခင်သည် ကိုယ်တော် ကို အထက်ဘဝဂ်သို့တိုင်အောင် ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏။ ထို့ကြောင့်ကောင်းကင်၊မြေကြီး နှင့် မြေကြီးအောက်ရှိ သတ္တဝါအပေါင်းတို့သည် သခင်ယေရှုး၏နာမတော်ကို ရှိသေဦးညွှတ်လျက်ယေရှုးခရစ်တော်သည်အရှင်သခင်ဖြစ်တော်မူသည်ဟုနှုတ်မှဝန်ခံသဖြင့်ခမည်းတော်ဘုရား၏ ဘုန်း တော်ဂုဏ်တော်ကို ထွန်းတောက်စေကြလိမ့်မည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***JN 3:13-17***

ရှင်ယောဟနဧဝံဂေလိကျမ်း **၃း ၁၃–၁၇**

ကောင်းကင်မှ ဆင်းသက်လာသောလူသားမှတစ်ပါး မည်သူမျှကောင်းကင်သို့မတက်ရပြီ။ မိုးဇက်သည် တောကန္တာရ၌မြွေကိုမြှောက်ထားသကဲ့သို့လူသားသည်မြှောက်ထားခြင်းခံရလိမ့်မည်။သူ၌ယုံကြည်သောသူ ဟူသမျှသည်ထာဝရအသက်ကိုရလိမ့်မည်။ သားတော်၌ယုံကြည်သောသူဟူသမျှကိုပျက်စီးခြင်းမရှိစေခြင်း ငှါဘုရားသခင်သည် မိမိတစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်ကမ္ဘာလောကကိုချစ် တော်မူ၏။အကြောင်းမူကား၊ဤလောကကိုအပြစ်စီရင်ခြင်းငှါဘုရားသခင်သည်သားတော်ကိုဤလောကထဲ သို့စေလွှတ်တော်မူသည်မဟုတ်၊ သားတော်အားဖြင့် လောကသားတို့သည ကယ်တင်ခြင်းကိုရစေရန်ကိုယ် တော်ကိုစေလွှတ်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။